သဗ္ဗေတေ ကုသလမူလေန ဧကမူလာဟူ၍ ပုစ္ဆာပြုသည်ရှိသော် "မူလာနိယာနိ ဧကတော ဥပ္ပဇ္ဇန္တိ"စသော ပဋိလောမ ဝိသဇ္ဇနာကိုပင် ဖြေအပ်ရာ၏–ယင်းသို့ ဖြေသော် အနုလောမ ပဋိလောမ ဝိသဇ္ဇနာ တူရာသောကြောင့် သဗ္ဗေတေဓမ္မာ ကုသလာဟု ဟောတော်မူသည်၊ ဝါ– မေးတော်မူသည်။ (အဋ္ဌကထာ)

တစ်နည်း:– ဧကမူလအရကား အကျယ်၊ အညမညမူလအရကား အကျဉ်းဖြစ်၍ အညမညမူလအဖြစ်ကို ဆုံးဖြတ်ပြီးသော် ဧကမူလအဖြစ်၌ သံသယဖြစ်ဘွယ် မရှိသောကြောင့် (ဋီကာအလို)

တစ်နည်း:– သဗ္ဗေတေ ကုသလမူလေန ဧကမူလာဟု မေးလျှင်လည်း (အာမန္တာ) သဗ္ဗေတေဓမ္မာ ကုသလာဟု မေးလျှင်လည်း (အာမန္တာ) ပင်၊ (ကုသလမူလသုံးခုသာရသည်) ဖြစ်၍ ဝိသဇ္ဇနာ အထူးမရှိသောကြောင့် သဗ္ဗေတေဓမ္မာ ကုသလာဟု ဟောတော်မူသည်၊ ဝါ– မေးတော်မူသည်။ (ဆရာနည်း)

## အတ္ထနှစ်မျိုးနှင့် အဓိပ္ပါယ်

သန္နိဋ္ဌာန်နှင့် သံသယကို အတ္ထဟု ခေါ်သည်၊ ယင်းအတ္ထသည်– မုချတ္ထ၊ ဥပစာရတ္ထ အားဖြင့် ၂–ပါးပြား၏၊ ထိုတွင်–

http://www.dhammadownload.com



ကုသိုလ်စသောတရားတို့သည် "မုချတ္ထ"မည်ကုန်၏။
၎င်းမုချတ္ထကို ဟောသော သန္နိဋ္ဌာန် သံသယတို့သည် "ဥပစာရတ္ထ"မည်ကုန်၏။

## မူလမူလနယစသည်ကို ဟောရကြောင်း

မူလနယနှင့် တရားကိုယ်အရကောက်ခြင်း တူသော်လည်း "ဝေနေယျဇ္ဈာသယအားဖြင့် ဟောလိုသောကြောင့်" မူလနယ စသည်ကို ထပ်၍ ဟောတော်မူပါသည်။

## ကုသလတိက်မှ ကြွင်းသောတိက်ဒုက်တို့ကို ဟောရန် သင့်, မသင့်

သင်္ဂါယနာဝင် ဆရာရှင်တို့သည် မူလယမိုက် ပါဠိတော်ကို တိက်, ဒုက်ဆုံးသည်တိုင် အောင် ပြသင့်လျက် ဒေသနာကိုချုံး၍ ကုသလတိက်တစ်ခုကိုသာ ညွှန်ပြခြင်း ဖြစ်သည်။

ထိုဆရာရှင်တို့ကိုယ်တိုင်ပင် စိတ္တယမိုက်ပါဠိတော်အဆုံး၌ "မူလယမကံ စိတ္တယမကံ ဓမ္မယမကန္တိ တီဏိ ယမကာနိ ယာဝ သရဏ အရဏာ ဂစ္ဆန္တိ"ဟု အမှာစကား မိန့်ကြားခဲ့၍ ကြွင်း တိက်, ဒုက်တို့ကိုလည်း ဟောရန်သင့်ပါသည်။

ပါဠိတော်တွင် မရှိလင့်ကစား အရကောက်ဆရာတော် ထည့်သွင်း ဖော်ပြခြင်းသည် အလွန်ပင် သင့်တော်လှပေ၏။

## ဥဒ္ဒေသ အစိပ္ပါယ်ပြီး၏

http://www.dhammadownload.com



# စိတ္တယမိုက် အစပိုင်း

## ကုသလပဒ

### မူလနှင့် အညမညမူလအထူး

ဟေတုပစ္စည်းထိုက်သော ဟိတ် ၆–ပါး (တစ်နည်း) ဟိတ် ၉–ပါးသည် မူလတရားမည်၏၊ ဟေတုပစ္စယုပ္ပန်ထိုက်သော မောဟမူဒွေး၌ မောဟကြဉ်သော ဟိတ် ၆–ပါး (တစ်နည်း) ဟိတ် ၉–ပါးသည် အညမညမူလ တရားမည်၏၊ ဤသို့ ထူးပါသည်။

### ဝိသဇ္ဇနာကို ဝိဘင်းခေါ်ရကြောင်း

ယမိုက်ကျမ်း၌ ပုစ္ဆာဝိသဇ္ဇနာ နှစ်ပါးတို့တွင် အထူးသဖြင့် ခွဲခြမ်းဖြေဆိုကြောင်း ဖြစ်သောကြောင့် ဝိသဇ္ဇနာကို ဝိဘင်းဟု ခေါ်ပါသည်။

### ပဋိသေဓနှင့် ပဋိက္ခေပဝိသဇ္ဇနာ အထူး

ပဋိသေဓ သဒ္ဒါ မြစ်ခြင်းအနက်ကို ဟော၍ ပဋိက္ခေပ သဒ္ဒါ ပယ်ခြင်းအနက် ကို ဟော၏၊ မြစ်သည်, ပယ်သည်ဟူသော စကားသည် အတူတူပင် ဖြစ်သော်လည်း သန္နိဋ္ဌာန် ပုဒ်၏ အနက်ကို ပယ်ခြင်းသည် 'ပဋိက္ခေပဝိသဇ္ဇနာ'၊ သံသယပုဒ်၏ အနက်ကို တားမြစ်ခြင်းသည် 'ပဋိသေဓဝိသဇ္ဇနာ'မည်၏၊ ဤသို့ ထူးပါသည်။

* *သန္နိဋ္ဌ် ပယ်ချေ၊ ပဋိက္ခေ၊ မြစ်လေ သံသယ ပဋိသေဓ။*

http://www.dhammadownload.com



## ပဉ္စာ ဝိသဇ္ဇ နာ,ဝိဘာဂ်တွဲစပ်ပုံ

ပုရေ, ဂတိ, ဥပ္ပန္နံ၊ ပဉ္စာ, ပဋိ, အာမန်သိ၊

ပရိ, သရူ, တစ်နှစ်ယူ၊ မောဃံ, ပဋိသေ, ပဋိက္ခေ, နောနှင့် နတ္ထိနေ။

## ကေမူလမည်သောတရား၌ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဆိုရကြောင်း

စတုဝေါကာရဘုံ၌ ဖြစ်သောအခါ ရုပ်ကို မဖြစ်စေနိုင်၍ စတုဝေါကာရဘုံကို နစ်စေလိုသောကြောင့် '*ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ*'ဟု ဆိုပါသည်။

## ကုသိုလ်နာမက္ခန္ဓာတို့သည် စိတ္တဇရုပ်ကို ယထာရဟပြုပုံ

ကုသိုလ်နာမက္ခန္ဓာတို့သည် သက်သက်သောအခါ သုဒ္ဓဋ္ဌက ကလာပ်ကို ဖြစ်စေသည်၊ ကိုယ်လက်အင်္ဂါလှုပ်ရှားသောအခါ ကာယဝိညတ္တိနဝက ကလာပ်ကို ဖြစ်စေသည်၊ နှုတ်အင်္ဂါလှုပ်ရှားသောအခါ ဝစီဝိညတ္တိသဒ္ဒဒသက ကလာပ်ကို ဖြစ်စေသည်၊ ဓါတ်လေးပါး ညီညွတ်သောအခါ လဟုတာဒေကာဒသက ကလာပ်ကို ဖြစ်စေသည်၊ ကိုယ်အင်္ဂါလည်းလှုပ်ရှား ဓါတ်လေးပါးလည်း ညီညွတ် သောအခါ ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ်ကို ဖြစ်စေသည်၊ နှုတ်အင်္ဂါလည်း လှုပ် ရှား ဓါတ်လေးပါးလည်း ညီညွတ်သောအခါ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်ကို ဖြစ်စေသည်၊ ဤသို့ အသီးသီးဖြစ်သည်ကို ယထာရဟပြုသည်ဟု ခေါ်ပါသည်။

## ကုသလသမုဋ္ဌာနိရုပ်အရ ကမ္မဇရုပ်တို့ကို မကောက်ရကြောင်း

ကုသလမူ သုံးခုဟုဆိုအပ်သော ဟေတုပစ္စည်းတရားသည် ကမ္မဇရုပ်အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်သောကြောင့် ကေမူလလည်း မဖြစ်နိုင်၍ ကမ္မဇရုပ် အရာ မဟုတ်သောကြောင့် ကုသလသမုဋ္ဌာနံ ရုပ်–အရ ကမ္မဇရုပ်ကို မကောက်ရပါ။

http://www.dhammadownload.com



## ကုသလသမုဋ္ဌာနရုပ် ကုသိုလ်မမည်နိုင်

အနဝဇ္ဇသုခဝိပါကဟုဆိုအပ်သော ကုသလလက္ခဏာမရှိသောကြောင့် ကုသလသမုဋ္ဌာနရုပ်သည် ကုသိုလ်မမည်နိုင်ပါ။

## မူလာနိယာနိစသည်ဖြင့် ဟောရကြောင်း

*တီဏေဝ ကုသလမူလာနိ* ဟု ဟောခဲ့လျှင်တီဏိအရ ဟေတုပစ္စည်းထိုက်သော ဟိတ်သုံးပါးလည်း ပါဝင်လေရကား ယင်းဟိတ်သုံးပါးသည် အညမညမူလ မမည်သင့်၊ ဟေတုပစ္စယုပ္ပန်ထိုက်သော ဟိတ်သုံးပါးသာ အညမညမူလ မည်သင့်၏၊ ထို့ကြောင့် ဟေတုပစ္စည်းမည်ထိုက်သော ဟိတ်သုံးပါးကို နစ်စေလို၍ မူလာနိယာနိ စသည်ဖြင့် ဟောရပါသည်။

ကုလလပဒပြီး၏။

# အကုသလပဒအစိပ္ပါယ်

## စေတသိက်အရေအတွက် မလျော့ကြောင်း

အကုသလပဒဝယ် မောဟမူဒွေ၌ မောဟကြဉ်ပါသော်လည်း လောဘမူ, ဒေါသမူ၌ရှိသော မောဟသည် ကြွင်းကျန်နေသောကြောင့် စေတသိက်အရေအတွက် မလျော့ပါ။

## အဟိတ်အကုသိုလ်-သဟိတ်အကုသိုလ်ခွဲပုံ

မောဟမူဒွေ၌ မောဟသည် သမ္ပယုတ်ဟိတ်မရှိသောကြောင့် အဟိတ်အကုသိုလ်မည်၏၊ အကု ၁၂-မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ၂၇-ခုတို့သည် သမ္ပယုတ်ဟိတ်ရှိသောကြောင့် သဟိတ်အကုသိုလ် မည်၏။

http://www.dhammadownload.com



### အကုသလသမုဋ္ဌာနရုပ် အကုသိုလ်မမည်နိုင်

သာဝဇ္ဇဒုက္ခဝိပါကဟု ဆိုအပ်သော အကုသလလက္ခဏာ မရှိသောကြောင့် အကုသလသမုဋ္ဌာနရုပ်သည် အကုသိုလ်မမည်နိုင်။

## ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ

*ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ* ဟူသော ဝိသေသနသည် လောဘမူနာမက္ခန္ဓာ, မောဟမူ နာမက္ခန္ဓာ တို့နှင့်သာ ဆိုင်သည်၊ ပဋ္ဌဝေါကာရဘုံ၌သာဖြစ်သော ဒေါသမူနာမက္ခန္ဓာနှင့် မဆိုင်ပါ။

အကုသလပဒပြီး၏။

## အဗျာကတပဒအစိပ္ပါယ်

### အဗျာကတပဒ၌ အဟောတုကံအရ

အဟိတ်ဝိပါက် နာမက္ခန္ဓာ, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့ကို သမ္ပယုတ်ဟိတ်ကင်းသောကြောင့် အဟိတ်ဟု ခေါ်သည်။

အဟိတ်ကြိယာနာမက္ခန္ဓာ, မောဟမူဒွေ၌မောဟ,အဟိတ်စိတ္တဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, နိဗ္ဗာန်တို့ကို ဇနကဟိတ် သမ္ပယုတ်ဟိတ် နှစ်ပါးစုံမှ ကင်းသောကြောင့် အဟိတ်ဟု ခေါ်ဆိုရသည်။

http://www.dhammadownload.com



## သဟေတုကံအရ

သဟိတ်ဝိပါက် နာမက္ခန္ဓာတို့ကို ဇနကဟိတ်, သမ္ပယုတ်ဟိတ် နှစ်ပါးစုံရှိသောကြောင့် သဟိတ်ဟု ခေါ်သည်။

ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ နာမက္ခန္ဓာတို့ကို သမ္ပယုတ်ဟိတ်ရှိသောကြောင့် သဟိတ်ဟု ခေါ်သည်။

သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့ကို ဇနကဟိတ်ရှိသောကြောင့် သဟိတ်ဟု ခေါ်သည်။

ကုသိုလ် အကုသိုလ် နာမက္ခန္ဓာတို့သည် သဟိတ်ဖြစ်ကြပါလျက် ၎င်းတို့ပြုအပ်သော စိတ္တဇရုပ်ကို အဘယ်ကြောင့် အဟိတ်စိတ္တဇရုပ်၌ သွင်းရသနည်း။

* ကုသိုလ် အကုသိုလ် နာမက္ခန္ဓာတို့၌ ကုသိုလ်ဟိတ် အကုသိုလ်ဟိတ်သာရှိ၏၊ အဗျာကတဟိတ်ကား မရှိသောကြောင့် ယင်းတို့ပြုအပ်သော စိတ္တဇရုပ်ကို အဗျာကတပဒ အဟိတ်စိတ္တဇရုပ်၌ သွင်းရပါသည်။

* ယမိုက်ပါဠိတော်၌ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်များ ထင်ရှားရှိကြောင်း ဟောတော်မူပါလျက် သင်္ဂြိုလ်ဆရာကား သမ္ပယုတ်မရှိသည်ကို ရည်ရွယ်၍ ရုပ်ဟူသမျှကို အဟိတ်ဟု ဆိုသည်။ (ထို့ကြောင့် ယင်းဝါဒနှစ်ရပ် မဆန့်ကျင်ပါ။)

## အဗျာကတသမုဋ္ဌာန် ရူပံဟု ဝိဘင်း မထွက်ရကြောင်း

အဗျာကတ တရားတို့သည် ရုပ်ကို ဖြစ်စေနိုင်သည် မှန်သော်လည်း ရုပ်ဟူသမျှ အဗျာတကတရားပင် ဖြစ်သောကြောင့် အဗျာကတ သမုဋ္ဌာန်ရူပံဟု ဝိဘင်းမထွက်ဘဲ 'အာမန္တာ' ဟု ဝိဘင်းထွက်ပါသည်။

http://www.dhammadownload.com



## ရုပ်ကို မဖြစ်စေနိုင်သော စိတ်များ

အလုံးစုံသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ်၊ ဒွေပဉ္စဝိညာဏ် ၁၀၊ အရူပဝိပါက် ၄–ခု၊ ပေါင်း ၁၆–ပါး ဖြစ်ပါသည်။

## ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်ရကြောင်း

ဒွေပဉ္စဝိညာဏ် ၁၀ တို့၌ ဟိတ်, ဈာနင်, မဂ္ဂင် မရှိသည့်အတွက် စိတ်အင်္ဂါ အားနည်း၍ ရုပ်ကို မဖြစ်စေနိုင်၊ ထို့ကြောင့် ဒွေပဉ္စဝိညာဏ်–၁၀ ကြဉ်သောဟု ဆိုသည်။

## အဟိတ်ပဋိသန္ဓေ, အဟိတ်စုတိတို့ကို မကြဉ်ရကြောင်း

အဟိတ်ပဋိသန္ဓေ အဟိတ်စုတိတို့သည် ရုပ်ကို မဖြစ်စေနိုင်သော်လည်း ဘဝင်၌ အကျုံးဝင်သောကြောင့် ဘဝင်စိတ်နှင့် တရားကိုယ် ထူးခြားခြင်း မရှိပေ၊ ယင်းသို့ဖြစ်၍ ကြဉ်သော်လည်း စိတ်အရေအတွက် လျော့မည်မဟုတ်သောကြောင့် မကြဉ်ရပါ။

## ဥတုဇရုပ်ကို တစ်ဖန် ထပ်ဆိုရကြောင်း

ဗာဟိရရုပ်ဟူသည် အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇကလာပ် ၂–စည်းကို ဆိုသည်၊ အဟိတ်အဗျာကတ၌ ဥတုဇဖြစ်သော ဗာဟိရရုပ်ကို ဆိုပြီးသော်လည်း ဥတုဇရုပ်များမကုန် ဣန္ဒြိယ ဗဒ္ဓဖြစ်သော ဥတုဇရုပ်များ ကြွင်းကျန်နေသောကြောင့် ၎င်းတို့ကို သိမ်းကြုံးယူခြင်းငှာ ဥတုဇ ရုပ်ကို တစ်ဖန်ထပ်၍ ဆိုပါသည်။

## ပဋိသန္ဓေစိတ်၏ရုပ်ကို မဖြစ်စေနိုင်ကြောင်း

ပဋိသန္ဓေစိတ်၏မှီရာ ဟဒယရုပ်သည် ဒုဗ္ဗလဖြစ်သောကြောင့်လည်းကောင်း၊ ကံအဟုန် ပစ်ချ၍ ကျသကဲ့သို့ ဖြစ်ရကား ကမ်းပါးပြတ်၌ တည်သောသူကဲ့သို့ ထောက်တည်ရာ မရသော

http://www.dhammadownload.com



ကြောင့်လည်းကောင်း၊ ပုရေဇာတပစ္စည်းချို့တဲ့ခြင်းကြောင့်လည်းကောင်း၊ ပစ္စုပ္ပန်ဘဝ၌ ဖြစ်ခါစ အာဂန္တုကဇ၏ အဖြစ်ကြောင့်လည်းကောင်း ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်။

**ရဟန္တာပုဂ္ဂိုလ်တို့၏စုတိစိတ်သည်**– ဝဋ်မြစ်ငြိမ်းလေပြီးသည်၏ အဖြစ်ကြောင့် ရုပ်ကို မဖြစ်စေနိုင်။

**အရူပဝိပါက် ၄–ခုသည်**– ရူပဝိရာဂ ဘာဝနာ၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် လည်းကောင်း၊ အရူပကုသိုလ်ဟူသော အကြောင်းကံ၏ ရုပ်နှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် လည်းကောင်း၊ အရူပဘုံသည် ရုပ်ဖြစ်ရာအရပ် မဟုတ်သောကြောင့်လည်းကောင်း ဤသုံးပါးသော အကြောင်းတို့ကြောင့် အရူပဝိပါက် ၄–ခုသည် ရုပ်ကို မဖြစ်စေနိုင်ပါ။

အရူပဘုံ၌ အရူပဝိပါက်သာ ရုပ်ကို မဖြစ်စေနိုင်သည်မဟုတ်၊ ထိုအရူပဘုံ၌ ဖြစ်သော ကုသိုလ်စိတ် ၁၅, အကုသိုလ်စိတ် ၁၀, ကြိယာစိတ် ၁၃, ဖိုလ်စိတ် ၄–ခု ဟုဆိုအပ် သော ၄၂– ပါးသောစိတ်တို့သည်လည်း အရူပဘုံ၌ ရုပ်မရှိသောကြောင့် ရုပ်ကို မဖြစ် စေနိုင်ပါ။

**ပဝတ္တိကမ္မဇရုပ်ကို အရမကောက်ကြောင်း**

ပဝတ္တိကမ္မဇရုပ်တို့သည် စိတ်နှင့်စပ်၍ မဖြစ်၊ အတိတ်ကံနှင့်သာ စပ်၍ ဖြစ်ပါသည်၊ စိတ်နှင့်မစပ်သောကြောင့် ဟိတ်နှင့်လည်းမစပ်၊ ထိုကြောင့် သဟိတ် အဗျာကတ၌ ထည့်သွင်း၍ မကောက်ရပါ။

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေအခါ စိတ်နှင့်စပ်၍ ပဝတ္တိအခါ၌ အဘယ်ကြောင့် စိတ်နှင့် မစပ်ပါသနည်း။

ဥပမာ– ရှေးဦးစွာ သစ်ပင်ပေါက်ရာဝယ် မြေ, ရေ ရှိသော်လည်း မျိုးစေ့ကြောင့် ပေါက်သကဲ့သို့လည်းကောင်း၊ နောက်ထပ် ကြီးပွါးရာဝယ် မျိုးစေ့မရှိသော်လည်း မြေ၏ အာနုဘော်ကြောင့် ကြီးပွါးသကဲ့သို့လည်းကောင်း၊

http://www.dhammadownload.com



ထိုအတူ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့သည် ကံ–တဏှာရှိသော်လည်း စိတ်နှင့်စပ်၍ ဖြစ်ကြသည်၊ ပဝတ္တိအခါ စိတ်ရှိသော်လည်း စိတ်နှင့်စပ်၍ မဖြစ်ဘဲ ကံနှင့်သာစပ်၍ ဖြစ်ကြသည်။

## ဝါဒနှစ်ရပ် မဆန့်ကျင်ပုံ

စိတ္တဇရုပ် သတ္တရသဟူရာ၌ ဥပစယ, သန္တတိတို့ကို စတုသမုဋ္ဌာနိကရုပ်တို့၏ ဖြစ်စဖြစ်စဉ်ကိုစွဲ၍ ဖြစ်သဖြင့် ပရိယာယ်အားဖြင့် စတုသမုဋ္ဌာနိကရုပ်သို့ သွင်း၍ သတ္တရသဟု ဆိုပါသည်၊ သဂြိုဟ်ကျမ်း၌ မုချအားဖြင့် ပန္နရသဟု ဆိုသောကြောင့် (ဝါဒနှစ်ရပ် မဆန့်ကျင်ပါ။)

## စိတ္တစေတသိကဇရုပ်ဟု မခေါ်ဘဲ စိတ္တဇရုပ်ဟုသာ ခေါ်ကြောင်း

စိတ္တဇရုပ်တို့သည် စိတ်ကြောင့်သာမဟုတ်၊ စိတ်, စေတသိက် နှစ်ပါးကြောင့် ဖြစ်သည်၊ သို့သော်လည်း လောကီဒေသနာကို ဟောရာဝယ် စိတ်သာ အဓိက ပြဋ္ဌာန်းသောကြောင့် စိတ္တစေတသိကဇရုပ်ဟု မခေါ်ဘဲ စိတ္တဇရုပ်ဟုသာ ခေါ်ပါသည်။

## တူသောမူလ

ကေမူလယမကဌ– အကြောင်းအကျိုး၏ အဖြစ်ဖြင့် စပ်သည်ကို တူသောမူလ ရှိသည်ဟုဆိုပါသည်။

## အကြောင်းအကျိုးစပ်ပုံ

ဟိတ်ခြောက်ပါးတရားကား ဟေတုပစ္စည်း အကြောင်းတရား၊ စိတ္တဇရုပ်ကား ဟေတုပစ္စယုပ္ပန် အကျိုးတရား ဤသို့ အကြောင်းအကျိုး အဖြစ်ဖြင့် စပ်သည်။

အဗျာကတပဒပြီး၏။

http://www.dhammadownload.com



# နာမယမကအဓိပ္ပါယ်

## နဝဝနာမမူလာနိဟု ဟောရကြောင်း

ဟိတ်သည် တရားကိုယ်အားဖြင့် ၆-ပါးသာရှိသော်လည်း ကုသိုလ်ဟိတ် ၃-ပါး၊ အကုသိုလ်ဟိတ် ၃-ပါး၊ အဗျာကတဟိတ် ၃-ပါး အားဖြင့် (၉)ပါး ရှိသောကြောင့် နဝဝ နာမမူလာနိဟု ဟောပါသည်။

## သဟိတ်နာမ်, အဟိတ်နာမ်တို့ကို အကြောင်းနှင့်တကွ ခွဲပုံ

အဟိတ်စိတ် အဋ္ဌာရသ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ဒွါဒသ နိဗ္ဗာန်တို့ကို (အဟေတုကံနာမံ အရ) သမ္ပယုတ်ဟိတ် မရှိသောကြောင့် အဟိတ်နာမ်။

သဟိတ်စိတ် ကေသတ္တတိ မောဟမူဒွေ့ဒွ မောဟကြဉ်သော စေတသိက် ဒွေပညာသ တို့ကို (သဟေတုကံ နာမံအရ) သမ္ပယုတ်ဟိတ်ရှိသောကြောင့် သဟိတ်နာမ်ဟု ခေါ်သည်။

## စိတ်, စေတသိက်နှင့် နိဗ္ဗာန်တို့ နာမ်မည်ခြင်းအကြောင်း

စိတ်, စေတသိက်တရားတို့သည် မိမိတို့ကိုယ်တိုင်အာရုံသို့ ညွတ်တတ်သောကြောင့် လည်းကောင်း၊ မိမိသို့ အာရမ္မဏိကတရားတို့ကို ညွတ်စေတတ် သောကြောင့်လည်းကောင်း နာမ်မည်သည်။

နိဗ္ဗာန်သည် အာရမ္မဏိကဖြစ်သော မဂ်ဖိုလ်အစရှိသော စိတ် စေတသိက်တရားတို့ကို ညွတ်စေတတ်သောကြောင့်သာ နာမ်မည်သည်။

* စိတ် စေတသိက် နိဗ္ဗာန်တရားတို့သာ နာမ်မည်၍ ရုပ်သည်အဘယ်ကြောင့် နာမ် မမည်ပါသနည်း?

http://www.dhammadownload.com



* စိတ် စေတသိက် နိဗ္ဗာန်တို့ကား အမည်နှင့်ကင်း၍ မထင်ရှားသောကြောင့် နာမ် မည်သည်၊ ရုပ်ကား အမည်နှင့်ကင်း၍ ထင်ရှားသောကြောင့် နာမ်မမည်ပါ။

* နာမပဒ ကေမူလ ယမက ဝိသဇ္ဇနာဝယ် အဟေတုကံနာမံ နာမမူလေန (န) ကေမူလံ ဟုလည်းကောင်း၊ အဟေတုကံ နာမမူလေန (န) ကေမူလံ-ဟု လည်းကောင်း၊ ပါဠိနှစ်ထွေ ရှိရာ မည်သည့်ပါဠိက မှန်သနည်း?

* နှစ်ပါဠိလုံး မှန်ပါသည်။

နာမံပါသော ပါဠိကို အလွန်ထင်ရှားစေလိုသောကြောင့် ထည့်ဟောသည်။

နာမံသဒ္ဒါမပါသောပါဠိကို ယေကေစိ နာမာဓမ္မာ ဟူသောပါဠိ ထုတ်နုတ်ပြီးဖြစ်၍ သိလောက်သဖြင့် မထည့်ဘဲဟောသည်။

မှတ်ချက်။ (-)ဤအမှတ်အသား "န"အက္ခရာသည် မူလဋီကာ၌ မပါရှိသဖြင့် ထည့်သွင်းလိုက်သည်။

* မူလယမိုက်၌ သာမည သဘာဝ လက္ခဏာအားဖြင့်-

(က) မူလမည်သောတရားကား- ဟိတ် ၆-ပါး။

(ခ) ကေမူလမည်သောတရားကား- သဟိတ်စိတ် ၇၁၊ မောဟမူဒွေ၌ မောဟကြဉ် သော စေတသိက် ၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

(ဂ) အညမညမူလမည်သောတရားကား- မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ် ၆-ပါး။

မူလယမိုက်ဆိုင်ရာ မှတ်ဖွယ် အစီပွါယ်ပြီး၏။

http://www.dhammadownload.com



# ခန္ဓယမိုက် အစပ်ပြယ်

## ပဏ္ဏတ္တိဝါရ

### မူလယမိုက်၏အခြားမဲ့၌ ခန္ဓယမိုက်ကို ဟောရကြောင်း

မူလယမိုက်၌ ဟောတော်မူအပ်ကုန်သော ကုသိုလ်စသော တရားတို့ကို ခန္ဓဒေသနာပြု လုပ်၍ ဟောကြားတော်မူလိုသောကြောင့် လည်းကောင်း, အခြားသော အာယတနစသည် တို့အောက် အလွန်နည်းသော ပုဒ်ရှိသောကြောင့်လည်းကောင်း မူလယမိုက်၏ အခြားမဲ့၌ ခန္ဓယမိုက်ကို ဟောတော် မူပါသည်။

### ခန္ဓာငါးပါးကိုသာ ဟောရကြောင်း

အလုံးစုံသော သင်္ခတတရားတို့ကို တူသောအဖို့အားဖြင့် သိမ်းကြုံးမိသောကြောင့် လည်းကောင်း၊ ငါ, ငါ၏ ဥစ္စာဟု စွဲလမ်းခြင်းသည် ခန္ဓာငါးပါးသာလျှင် အတိုင်းအရှည် ရှိသောကြောင့်လည်းကောင်း၊ တစ်ပါးသောသီလက္ခန္ဓ စသောတရားတို့သည်လည်း ထိုခန္ဓာငါးပါး၌ အကျုံးဝင်သောကြောင့် လည်းကောင်း ခန္ဓာတို့ကို ငါးပါးသာဟု ပိုင်းခြား၍ ဟောပါသည်။

### ခန္ဓသဒ္ဒါ၏အဟောနက်

ခန္ဓသဒ္ဒါသည် ဂုဏ်ကျေးဇူးအနက်, အပေါင်းအစု အနက်, အမည်သညာ အနက်, တင်စားခြင်းအနက်တို့ကို ဟောပါသည်။

http://www.dhammadownload.com



## ခန္ဓာ

ရူပက္ခန္ဓာ၌ ခန္ဓသဒ္ဒါသည် ရာသိ (အပေါင်းအစု) အနက်၌ ဖြစ်၏၊ တရားတို့ကို ပေါင်းစုထားသောကြောင့် ခန္ဓာမည်၏။

## အဘယ်တရားတို့ကို ပေါင်းစုသနည်းဟူမူ

အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, သုခုမ, ဩဠာရိက, ဟီန, ပဏီတ, ဒူရ, သန္တိကဖြစ်သော တရားတို့ကို ပေါင်းစု၍ ထားပါသည်။

## ခန္ဓယမိုက်ကို ဟောရကြောင်း

ခန္ဓာတို့၏ ကာလ,ဘုံပုဂ္ဂိုလ်, ပရိညာတို့ကို အဘယ်သို့လျှင် သိအပ်ကုန်သနည်းဟူသော ဝေနေယျတို့၏ သံသယကို ပယ်ဖျောက် ခြင်းငှာ ခန္ဓယမိုက်ကို ဟောတော်မူပါသည်။

## ခန္ဓာ ၅-ပါးအစဉ်

စက္ခု, သောတ-စသော ဝိညာဉ်တို့၏ မှီရာအာရုံဖြစ်၍ ရှန်ရင်းသည့်အတွက် သိလွယ်သော ကြောင့် ရူပက္ခန္ဓာကို ရှေးဦးစွာဟောသည်။

ဣဋ္ဌ, အနိဋ္ဌဖြစ်သော အာရုံကို ခံစားတတ်သောကြောင့် ရူပက္ခန္ဓာ၏ အခြားမဲ့၌ ဝေဒနာက္ခန္ဓာကို ဟောတော်မူသည်။

ဝေဒနာ ခံစားအပ်သော အာရုံကို မှတ်သားတတ်သောကြောင့် ဝေဒနာက္ခန္ဓာ၏ အခြားမဲ့၌သညာက္ခန္ဓာကို ဟောတော်မူသည်။

သညာဖြင့် မှတ်သားပြီးမှသာ သင်္ခတတရားတို့ကို ပြုစီရင်တတ်သောကြောင့် သညာက္ခန္ဓာ၏အခြားမဲ့၌ သင်္ခါရက္ခန္ဓာကို ဟောတော်မူသည်။

http://www.dhammadownload.com



ဝေဒနာစသောတရားတို့၏ မှီရာ, အကြီးအမှူးဖြစ်သောကြောင့် သင်္ခါရက္ခန္ဓာ၏အခြားမဲ့၌ ဝိညာဏက္ခန္ဓာကို ဟောတော်မူသည်။

## ပိယရူပ်သာတရူပ်ကိုနရူပက္ခန္ဓောဟုဟောရကြောင်း

တဏှာ၏အာရုံဖြစ်သော တေဘူမကရုပ်အပေါင်းသည် ချစ်အပ်သာယာအပ်သောကြောင့် ရူပ အမည်သာ ရသည်။ ရုပ္ပနလက္ခဏာမရှိ၍ရူပက္ခန္ဓာအမည်မရ၊ထို့ကြောင့်ယင်းပိယရုပ်, သာတရုပ်ကို န ရူပက္ခန္ဓောဟု ဟောတော်မူသည်။

## ရူပလည်းမည် ရူပက္ခန္ဓာလည်းမည်

လောကီခန္ဓာအစိတ်ဖြစ်သော ဘူတရုပ်၊ ဉပါဒါရုပ်တည်းဟူသော ရူပက္ခန္ဓာသည်ကား ချစ်အပ်သာယာအပ်သောသဘောရှိသောကြောင့်ရူပလည်းမည်၏။ ရုပ္ပနသဘောရှိသောကြောင့် ရူပက္ခန္ဓာလည်း မည်၏။။

## နောက်နည်းအကောက်ကို ဆရာတို့နှစ်သက်ပုံ

ရူပံ ခန္ဓောတိ အာမန္တာဟု သုဒ္ဓခန္ဓဝါရ ပါဠိတော်၌ ဟောတော်မူသောကြောင့် လည်းကောင်း၊ ပိယရုပ် သာတရုပ်၌ ရှိသော ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်သည်သာ ဖြစ်၍ ပိယရုပ် သာတရုပ်၌ ရူပက္ခန္ဓာကို ဟောသော် လည်း "ရူပက္ခန္ဓော ခန္ဓာစေဝ ရူပက္ခန္ဓောစ"ဟု ရူပက္ခန္ဓာကို ဟောတော်မူလတ္တံ ဖြစ်၍ ပါရိသေသ နည်းအားဖြင့် ဟောလတ္တံ့သော ရူပက္ခန္ဓာမှ ကြွင်းသော နာမက္ခန္ဓာကိုသာ ပိယရူပံ သာတရူပံ အရကောက်ခြင်းသည် သုဒ္ဓခန္ဓဝါရပါဠိတော် အဋ္ဌကထာတို့နှင့် အလွန်ညီညွတ်၍ နောက်နည်းကို ဆရာတို့ နှစ်သက်ကြသည်။

## တဏှာ၏အာရုံဖြစ်သော နှင့် ဖြစ်ထိုက်သော ၂-ခု၏ဆုံးဖြတ်ချက်

တဏှာ၏ အာရုံဖြစ်သောဟု ဝိသေသန မ,လျှင် တဏှာ၏ အာရုံမဟုတ်ဘဲ ဝိပဿနာကုသိုလ်စသည်တို့၏ အာရုံဖြစ်သော လောကီတရားတို့ ရူပအရ၌ မဝင်ဘဲ 'နရူပံ ဟူသော

http://www.dhammadownload.com



ပစ္စနိက်၌ ဝင်သကဲ့သို့ ဖြစ်နေ၏၊ သို့သော် န ရူပ်–အရ လောကုတ္တရာတရားပညတ် တရားကိုသာ ရသည်ဖြစ်၍ အနုလုံနှင့် ပစ္စနိက် အညမည ဝိရောဓိ ဖြစ်၏။

တဏှာ၏ အာရုံဖြစ်ထိုက်သောဟု ဝိသေသန မ,လျှင်ကား တဏှာ၏ အာရုံဖြစ် ထိုက်သော လောကီတရားအားလုံး ရူပအရတွင် ပါဝင်နိုင်သောကြောင့် နရူပံဟူသော ပစ္စနိက်၌ လောကုတ္တရာတရား ပညတ်တရားတို့ကို ကောက် ရခြင်းသည် အနုလုံ, ပစ္စနိက် အညမညဝိရောဓိ မဖြစ်။ ထို့ကြောင့် "တဏှာ၏ အာရုံ ဖြစ်ထိုက်သော"ဟု ကောက်ခြင်းသည်သာ ပို၍ သင့်လျော် ပါသည်။

## ရူပက္ခန္ဓောပုဒ်၌–ရှင်းလင်းချက်

ရူပက္ခန္ဓော ဟူသောပုဒ်၌–

အချို့ဆရာတို့က တုံး, တိုင်စသည်၌ ဖြစ်သော ဗာဟိရရုပ်သည် ရူပက္ခန္ဓာ မမည်ဟု ဆိုကုန်၏၊ ယင်းပုဂ္ဂိုလ်တို့ အယူမသင့်။ အကြောင်းကား – ဓာတုကထာပါဠိတော်၌

"အဗျာကတာ ဓမ္မာ အသခ်တံ ခန္ဓတော ဌပေတွာ ပဉ္စဟိ ခန္ဓေဟိ သင်္ဂဟိတာ"ဟု နိဗ္ဗာန်မှ တစ်ပါးသော အဗျာကတ တရားတို့ကို ခန္ဓာ ၅–ပါးတို့ဖြင့် ရေတွက်အပ်သော ကြောင့် လည်းကောင်း။ ပဋ္ဌာန်း ပါဠိတော်၌–

"အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာ ဗာဟိရံ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ"စသည်ဖြင့် အဗျာကတ၌ ဗာဟိရရုပ်ကို ဟောတော် မူသောကြောင့်လည်းကောင်း။ **ပဋ္ဌာန်းအဋ္ဌကထာ၌လည်း–**

"ဗာဟိရန္တိ ပထဝီပါသာဏာဒီသု ဌိတံ သန္တာယ ဝုတ္တံ"ဟု ပထဝီ ပါသာဏ စသည်၌ တည်သော သတ္တဝါသန္တာန်၌ (မတည်သော) မဖြစ်သောရုပ်ကိုသာ ဗာဟိရရုပ်ဟု ဖွင့်ပြတော်မူ သောကြောင့် လည်းကောင်း ထိုဆရာတို့စကားသည် ယခင်ပါဠိတော် အဋ္ဌကထာတို့နှင့် ဆန့်ကျင် သောကြောင့် မသင့်ပေ။

http://www.dhammadownload.com



## ပိယရုပ် သာတရုပ်

တဏှာ၏အာရုံဖြစ်သောအခါသာ ပိယရုပ် သာတရုပ် မည်သည်မဟုတ်။

ဥပမာ– မစားသောအခါ၌လည်း စားခြင်းဟူ ထိုက်သောကြောင့် ဘောဇဥ်ဟူသော အမည်ကို ရသကဲ့သို့ တဏှာအာရုံမပြုသောအခါ၌လည်း ပြုခြင်းငှာထိုက်သောကြောင့် ပိယရုပ် သာတရုပ်မည်သည်။

ပဏ္ဏတ္တိဝါရပြီး၏။

# ပဝတ္တိဝါရ အစီပွါယ်

## ဥပ္ပါဒစသော ဝါရ ၃–မျိုးတို့၏အဓိပ္ပါယ်

ခန္ဓာစသော တရားတို့၏ ဥပ္ပါဒလက္ခဏာကို ပြဆိုသော ဝါရသည် "ဥပ္ပါဒဝါရ" မည်၏။ နိရောဓလက္ခဏာကို ပြဆိုသော ဝါရသည် "နိရောဓ ဝါရ"မည်၏။ ဥပ္ပါဒ,နိရောဓလက္ခဏာ ကို ပြဆိုသော ဝါရသည် "ဥပ္ပါဒနိရောဓဝါရ"မည်၏။

၁။ 'ဥပ္ပါဒဝါရ'ဖြင့်– ဥစ္ဆေဒဒိဋ္ဌိကိုပယ်၏၊ ဥဒယဗ္ဗယဉာဏ်ကို ပြ၏၊ ဒုက္ခ လက္ခဏာ ထင်သည်။

၂။ "နိရောဓဝါရ"ဖြင့်– သဿတဒိဋ္ဌိကို ပယ်၏၊ ဘင်္ဂဉာဏ်ကို ပြ၏၊ အနိစ္စလက္ခဏာ ထင်သည်။

၃။ "ဥပ္ပါဒနိရောဓဝါရ"ဖြင့်– သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးစုံကို ပယ်၏၊ ဘယ စသော ဉာဏ်ကို ပြ၏၊ အနတ္တလက္ခဏာ ထင်သည်။

http://www.dhammadownload.com



## ပစ္စုပ္ပန္နဝါရစသည်ကို ဒေသနာက္ကမ ဟောရကြောင်း

(၁) မျက်မှောက်ဖြစ်ဆဲ ခံစားဆဲဖြစ်၍ အလွန်သိလွယ်သောကြောင့် "ပစ္စုပ္ပန္နဝါရ"ကို ရှေးဦးစွာ ဟောတော်မူပါသည်။

(၂) ဖြစ်ဖူး ဖြစ်၍ ခံစားဘူးဖြစ်၍ အနာဂတ်ထက် သိလွယ်သောကြောင့် ပစ္စုပ္ပန္နဝါရ၏ အခြားမဲ့၌ "အတီတဝါရ"ကို ဟောတော်မူသည်။

(၃) ဖြစ်ဆဲ ခံစားဆဲ, ဖြစ်ဖူးခံစားဖူးသော တရားတို့ကို မှန်းဆသောအားဖြင့် နောင်အခါ ဤကဲ့သို့သော တရားမျိုးတို့သည် ဖြစ်ကုန်လတံ့ဟု သိအပ်လေသောကြောင့် အတီတဝါရ၏အခြားမဲ့၌ "အနာဂတဝါရ"ကို ဟောတော်မူသည်။

## ပုဂ္ဂလစသော ၃–ဝါရတို့၏အဓိပ္ပါယ်

၁။ ခန္ဓာစသော တရားတို့၏ ဖြစ်ပုံ ချုပ်ပုံကို ပုဂ္ဂလ၏ အစွမ်းအားဖြင့် ပြသော ဝါရသည် "ပုဂ္ဂလဝါရ"မည်၏။ ဩကာသ၏အစွမ်းအားဖြင့် ပြသော ဝါရသည် ဩကာသဝါရ၊ ပုဂ္ဂလ, ဩကာသ နှစ်ပါးစုံတို့၏ အစွမ်းအားဖြင့် ပြသော ဝါရသည် ပုဂ္ဂလောကာ သဝါရ။

## မူလီသွတ်၍ မဟောကြောင်း

ပဏ္ဏတ္တိဝါရ၌ ဝေဒနာက္ခန္ဓမူ စသည်ဝယ် ရှေးရှေးသော ခန္ဓာတို့ကို မူလီသွတ်၍ မဟောရပါ။ အကြောင်းကား– အနက်ထူး (အကျိုးထူး) မရှိသော ကြောင့်တည်း။

## ဤပဝတ္တိ၌ ဟောသောပုဂ္ဂိုလ်နှင့် မဟောသောပုဂ္ဂိုလ်

ပုထုဇဉ် ၄ ယောက်၊ ဖလဋ္ဌာန် ၄ ယောက် ပေါင်း ၈ ယောက်ကို ဟောသည်၊ မဂ္ဂဋ္ဌာန် ၄ ယောက်ကို စုတိပဋိသန္ဓေတို့၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် မဟောပါ။

http://www.dhammadownload.com



## အသေ, အရှင်ပုဂ္ဂိုလ်ခွဲးပုံ

ပုဂ္ဂိုလ် ၁၂–ယောက်တို့တွင် ပုထုဇဉ် ၄ ယောက်၊ အောက်ဖလဋ္ဌာန် ၃ ယောက် ပေါင်း ၇ ယောက်တို့သည် ပဋိသန္ဓေနေ(ရှင်)နိုင်သော ပုဂ္ဂိုလ် မည်၏။

ပုထုဇဉ် ၄–ယောက်၊ ဖလဋ္ဌာန် ၄– ယောက်၊ ပေါင်း ၈– ယောက်သည် စုတိ (သေ) နိုင်သော ပုဂ္ဂိုလ်တို့ မည်ကုန်၏။

မဂ္ဂဋ္ဌာန် ၄– ယောက်တို့သည် ပဋိသန္ဓေလည်း မနေနိုင်၊ စုတိလည်း မစုတိနိုင်သော ပုဂ္ဂိုလ် ၀၊– မရှင် မသေပုဂ္ဂိုလ်တို့ မည်ကုန်၏။

*ဆောင်။ ။ အရှင် ခုနစ်၊ အသေ ရှစ်၊ လေးဆစ် မရှင်, မသေထား။*

## တစ်နည်းစက်လှည့်သော်

အကနိဋ္ဌ၊ အနာဂါမ်မှာ၊ ရှင်ရုံသာနှင့်၊ သေလင့်ရုံမှာ၊ ရဟန္တာတည်း၊
နှစ်ဖြာရှင်သေ၊ ပုပေ အောက်ဖ၊ နှစ်ဝ သေရှင်၊ လွတ်ကင်းစင်၊
လေးအင်မဂ္ဂ မှတ်လောတည်း။

## ကမ္မဇကလာပ် ၃–စည်း, ၇–စည်း, ၄–စည်း ဆိုပုံ

ဂဗ္ဘ သုံးရှု၊ သံ–ဥ ခုနစ်လီ၊ ရူပီလေးဝ၊ ဖြစ်ကြောင်းပြ၊ ရူပကလာပါ။

## သုဒ္ဓါဝါသ ဘူးမရ

သုဒ္ဓါဝါသပုဂ္ဂိုလ်တို့သည် သဒ္ဓါစသော ဣန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်များ ဖြစ်သောကြောင့် မိမိဖြစ်ခိုက်သောဘုံ၌ နှစ်ကြိမ်ထပ်၍ မဖြစ်ကောင်းပေ၊ ထို့ကြောင့် ဖြစ်ဘူး ချုပ်ဘူး မရသည်ကို ဘူးမရဟုဆိုသည်။

http://www.dhammadownload.com



အထက်သစ္စယမိုက်စသည်တို့၌ ခဏပစ္စုပ္ပန်ဖြင့် ပိုင်းခြားဟောသောကြောင့်သုဒ္ဓါဝါသ ပုဂ္ဂိုလ်တို့ ဒုက္ခသစ္စာ ဖြစ်ဘူးရသည်၊ ခန္ဓယမိုက်၌ကား အဒ္ဓါပစ္စုပ္ပန်၏ဖြင့် ပိုင်းခြားဟောသော ကြောင့် (ဘူး) နှစ်ပါးလုံး မရခြင်း ဖြစ်ပါသည်။

သုဒ္ဓါဝါသဘုံ၌ အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သာ ဖြစ်ကြသည်၊ တိဟိတ်ပုထုဇဉ်, သောတာပတ္တိမဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်ပုဂ္ဂိုလ်, သကဒါဂါမိမဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည် ဩရမ္ဘာဂိယ သံယောဇဉ်တို့ကို မပယ်နိုင်သောကြောင့် လည်းကောင်း၊ အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေနေသည်၏ အစွမ်းအားဖြင့် မဖြစ်နိုင်သောကြောင့် လည်းကောင်း သုဒ္ဓါဝါသဘုံ၌ မဖြစ်နိုင်။

## အကနိဋ္ဌ တုမရ

အကနိဋ္ဌဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်သည် မိမိဘုံတွင်လည်း ထပ်၍မဖြစ်၊ တစ်ခြားဘုံသို့လည်း မပြောင်းပြီ၊ အကနိဋ္ဌဘုံတွင်သာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုတော့သည်၊ ထို့ကြောင့် အကနိဋ္ဌ တုမရ အစစ်သာရသည်။

**ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။**
**န ပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။**
**ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊ အရိယာ နောပပဇ္ဇရေ။**

## ဘဝသီသ, ဘဝသေဋ္ဌ, ဘဝဂ္ဂ သုံးဘုံ

ဝေဟပ္ဖိုလ်ဘုံ, အကနိဋ္ဌဘုံ, နေဝသညာ နာသညာယတနဘုံ ၄င်းသုံးဘုံ၌ ဖြစ်လျှင် အခြားဘုံတို့သို့ ပြောင်း၍ မဖြစ်သောကြောင့် ဘဝသေဋ္ဌ, ဝါ–ဘဝသီသ, ဝါ– ဘဝဂ္ဂဟု ဆိုသည်။

http://www.dhammadownload.com



* နေဝါ, ဝေဟပ်၊ ကနိဋ္ဌရပ်မှာ၊ အရိယာ၊ နေရာ မပြောင်းပြီ။
ဗြဟ္မ ဘုံနေ၊ ရိယာတွေ၊ အောက်ပြည် (ပြေ) မဆင်းပြီ။

အနာဂတပုဂ္ဂလ အရူပဘုံသို့ အကောက်၌–

တိဟိတ်ပုထုဇဉ် ဥပပဇ္ဇန္တပုဂ္ဂိုလ်သည် ပဝတ္တိအခါ မဂ်ရ၍ အရိယာအဖြစ်ဖြင့် စုတေ၍ အရူပဘုံ၌ ပဋိသန္ဓေနေမည့်သူကို ရည်ရွယ်၍ ကောက်သည်။

တိဟိတ်ပုထုဇဉ် စဝန္တပုဂ္ဂိုလ်မရ...

(အကြောင်းကား) အရူပဘုံ၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် ပရတောဃောသပစ္စည်းကို မရသည်ဖြစ်၍ မဂ်ကို မရနိုင်သောကြောင့်တည်း၊ (မဂ်ကိုရသောသူသာ အရူပဘုံ၌ ဘဝဆုံးနိုင်သည်၊ ဘဝဆုံးမှ ရူပက္ခန္ဓာ မဖြစ်လတ္တံ့ရမည်။)

– ဘဝသီသသုံးဘုံတို့တွင် အကနိဋ္ဌသာ အတုမရ၍၊ ကြွင်းနှစ်ဘုံကား အဘယ်ကြောင့် အတုရသနည်း။

* ဤသုံးဘုံ၌ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် 'အရိယာနောပ ပဇ္ဇရေ' အရ တစ်ပါးဘုံသို့ မပြောင်းပြီ၊ ထိုသုံးဘုံတို့တွင် အကနိဋ္ဌဘုံ၌ အရိယာသာ၊ ပုထုဇဉ်မရှိ၊ ထိုအရိယာသည်လည်း တစ်ဖန် ပဋိသန္ဓေမနေ၊ တစ်ပါးဘုံ၌လည်း မဖြစ်၊ ထို့ကြောင့် အတုမရ။

ဝေဟပ္ဖိုလ်ဘုံ, နေဝသညာနာသညာယတနဘုံ၌ကား တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်သည် မိမိဘုံ၌လည်း ထပ်၍ဖြစ်၏၊ တစ်ပါးဘုံ၌လည်း ဖြစ်၏၊ ထို့ကြောင့် အတုရသည်။

## ဖြစ်လတ္တံ့ ချုပ်လတ္တံ့ ၂–ပါးအထူး

ချုပ်လတံ့မှာ – ပစ္ဆိမဘဝိက ဥပပဇ္ဇန္တရသည်။ ဖြစ်လတံ့မှာ – မရ၊ ဤသည်ပင် အထူး။
(နိရောဓ၊ ဥ+နိ အနာဂတကိုထောက်)

http://www.dhammadownload.com



## ဈာနအနာဂါမ်

ဖြပ္မာဘုံ၌ ဖြစ်ကုန်သော သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့မှာ နောင်တစ်ဖန် ကာမဘုံ သို့ပြန်၍ ဖြစ်ဖွယ်မရှိသောကြောင့် ၎င်းတို့ကို ဈာနအနာဂါမ်ဟု ခေါ်သည်။

ဖြပ္မာဘုံကြွ၊ သောနှင့် သ၊ ဈာန အနာဂါ။

## ခန္ဓပဝတ္တိ၌ ဋ္ဌာန ၂၇–ပါး

အသဉ်လေးဆူ၊ အရူ ခုနစ်၊ ခြောက်ဆစ် ပဉ္စဝေါ၊ စတုရော သုဒ္ဓါ၊ သဗ္ဗမှာ နှစ်၊ သာတာ နှစ်၊ နောက်နှစ် စတု ပဉ္စဝေါ။

ပဝတ္တိဝါရပြီး၏။

# ပရိညာဝါရအစိပ္ပါယ်

## ပရိညာ ၃–ပါး အဓိပ္ပါယ်

၁။ ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏၊ ဖဿသည် တွေ့ထိခြင်းလက္ခဏာရှိ၏၊ ဤသို့ စသည်ဖြင့် သာမည, ဝိသေသလက္ခဏာတို့ကို သိမ်းဆည်းသော ဉာဏ်ဟူသော ကင်္ခါဝိတရဏ ဝိသုဒ္ဓိသည် ဉာတပရိညာမည်၏။

၂။ ထို့နောက် သမ္မာနုလောမဉာဏ်တိုင်အောင်သောဉာဏ်သည် တီရဏပရိညာမည်၏။

၃။ ဥဒယဗ္ဗယာနုပဿနာမှစ၍ မဂ်တိုင်အောင်သော ဉာဏ်သည် ပဟာနပရိညာမည်၏။

* *ဉာတ, တီရ၊ ပဟာန၊ သုံးဝ ပရိညာ။*

http://www.dhammadownload.com



## ပရိညာဝါရ၌ ဟောသော ပုဂ္ဂိုလ်

ဤပရိညာဝါရ၌– နောင်အခါ၌ မဂ်ကို ရလတံ့သော ဘဗ္ဗပုထုဇဉ် ၁–ယောက်၊ မဂ်ကို မရလတံ့သော အဘဗ္ဗပုထုဇဉ် ၁–ယောက်၊ အရိယာပုဂ္ဂိုလ် ၈–ယောက်၊ ပေါင်း ၁၀–ယောက်သော ပုဂ္ဂိုလ်တို့ကို ဟောပါသည်။

## ရည်ရွယ်ချက်

သောတာပတ္တိမဂ္ဂဋ္ဌာန် စသော အောက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်သည်လည်း ပိုင်းခြား၍ သိသည်၊ သို့သော်လည်း ပရိညာဟူက အထွဋ်အမြတ်ကိုသာ ဟောသောကြောင့် ပရိဇာနာတိအရ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ကိုသာ ရည်ရွယ်၍ ဟောတော်မူပါသည်။

## ပုဂ္ဂလဝါရကိုသာ ဟော၍ ဩကာသဝါရကို မဟောကြောင်း

ပရိညာဝါရ၌ တူသောအဖြေရှိသောကြောင့် ပုဂ္ဂလဝါရကိုသာ ဟော၍ ဩကာသဝါရကို မဟောပါ။ (တစ်နည်း) ပရိညာကိစ္စဟူသည် ပုဂ္ဂိုလ်အားသာ ဖြစ်၏၊ ဩကာသအား မဖြစ်၊ ပုဂ္ဂိုလ်သာလျှင် ပိုင်းခြား၍ သိခြင်းငှာ စွမ်းနိုင်၏၊ ဩကာသသည် မစွမ်းနိုင်၊ ထို့ကြောင့် ပုဂ္ဂလဝါရကို သာ ဟောအပ်၏၊ ထိုသို့ ဩကာသဝါရကို မဟောအပ်သောကြောင့် ပုဂ္ဂလောကာသဝါရကို ရသော်လည်း မဟောအပ်ပါ။

## ပုထုဇဉ် ၂–မျိုး

၁။ နောင်အခါ မဂ်ကို ရလတ္တံ့သော ဘဗ္ဗပုထုဇဉ်၊

၂။ နောင်အခါ မဂ်ကို မရလတ္တံ့သော အဘဗ္ဗပုထုဇဉ်၊

၁။ ခန္ဓာ, အာယတန, ဓာတ်တို့၏ သရုပ် သဘောကို သိသော ကလျာဏပုထုဇဉ်၊

၂။ ခန္ဓာ, အာယတန, ဓာတ်တို့၏ သရုပ် သဘောကို မသိသော အန္ဓပုထုဇဉ်။

(မဂ်ကျွတ်ထိုက်သော ပုထုဇဉ်ဟူသည်–ဝဋ္ဋာဘိရတ,ဝဋ္ဋနိဿယဖြစ်၍ ဝဋ်ကိုသာ အလိုရှိပြီး ဝဋ်ကင်းရာနိဗ္ဗာန်ကို အလိုမရှိသော ပုထုဇဉ်တည်း။)

http://www.dhammadownload.com



## ပဝတ္တိဝါရနှင့် ပရိညာဝါရ ကာလယူပုံအထူး

ပဝတ္တိဝါရ၌ စုတိပဋိသန္ဓေ၏ အစွမ်းအားဖြင့် ပိုင်းခြားရသည်၊ ပရိညာဝါရ၌ကား စုတိပဋိသန္ဓေ၏ အစွမ်းအားဖြင့် မပိုင်းခြားအပ်၊ ပဝတ္တိအခါ၌ စိတ္တက္ခဏ၏ အစွမ်းအားဖြင့်သာ ပိုင်းခြားရသည်၊ ဤသို့ ထူးပါသည်။

## စုတိပဋိသန္ဓေ၏အစွမ်းဖြင့် မပိုင်းခြားရကြောင်း

ပရိညာကိစ္စမည်သည် စုတိပဋိသန္ဓေ ခဏတို့၌ မဖြစ်၊ ပဝတ္တိအခါ မဂ်ခဏ၌သာ ဖြစ်သည်၊ ထို့ကြောင့် စုတိပဋိသန္ဓေတို့၏ အစွမ်းအားဖြင့် မပိုင်းခြားအပ်။

* ယေ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ၌...

တစ်ဘဝ နှစ်ဘဝစသည်၌ မဂ်ကို မရလတ့်သည်ကို မဆိုလို၊ များသောအားဖြင့် မဂ်ကို ဘယ်အခါမှ မရလတံ့သော သံသရာ သစ်ငုတ်, မြေစောင့် သတ္တဝါများကိုသာ ဆိုသည်။

## ခန္ဓယမိုက်ဆိုင်ရာ အဓိပ္ပါယ်ပြီး၏။

# အာယတနယမက

## ပဏ္ဏတ္တိဝါရ

– စက္ခာယတန စသည်လည်း ဓမ္မပင်မည်ခဲ့၍ ဓမ္မာယတန တစ်ခုတည်းကိုသာ ဟောသင့် ပါလျက် အဘယ်ကြောင့် အာယတန ၁၂–ပါး ဟောရသနည်း။

* ခြောက်ပါးသော ဝိညာဏ်အပေါင်းတို့ဖြစ်ရာ ဒွါရ, အာရုံတို့ကို ပိုင်းခြားမှတ်သားစေလိုသောကြောင့် အာယတန ၁၂–ပါးဟောရပါသည်။

http://www.dhammadownload.com



## အာယတန

စိတ်စေတသိက်တို့၏ လုံ့လပြုရာ ဝါ– မိမိတို့၏ ကိစ္စကို ပြုရာဖြစ်သောကြောင့် အာယတနမည်သည်။

## စက္ခု ၅–ပါးနှင့် ဟော မဟော စက္ခုတို့၏အကြောင်း

ဒိဗ္ဗစက္ခု, ပညာစက္ခု, ဗုဒ္ဓစက္ခု, ဓမ္မစက္ခု, သမန္တစက္ခုဟု စက္ခု ၅–ပါး အပြားရှိ၏၊ ထိုငါးပါးတို့တွင် ဒိဗ္ဗစက္ခု–ပညာစက္ခု နှစ်ပါးသာ နီးစပ်သောကြောင့် ဟောတော်မူသည်၊ ကြွင်းသုံးပါးတို့ကိုကား အလွန်ဝေးသောကြောင့် ဟောတော်မမူ။ [ယမိုက်အနုဋီကာ]

## ဒုတိယဝိဇ္ဇ ၁ဉာဏ် တတိယဝိဇ္ဇ ၁ဉာဏ်

ပု, ဒိ, အာ ဟူသော ဝိဇ္ဇာသုံးပါးတို့တွင် ဒိဗ္ဗစက္ခုသည် နှစ်ခုမြောက်သော ဝိဇ္ဇာဉာဏ်ဖြစ်သောကြောင့် ဒုတိယဝိဇ္ဇာဉာဏ်၊ ပညာစက္ခုသည် သုံးခုမြောက်သော ဝိဇ္ဇာဉာဏ်ဖြစ်သောကြောင့် တတိယဝိဇ္ဇာဉာဏ်မည်သည်။

## တဏှာကို သောတဟုဆိုကြောင်း

သဒ္ဒါရုံကို ကြားတတ်သောကြောင့် တဏှာကို သောတဟုဆိုသည်မဟုတ်၊ စက္ခုဒွါရ စသည်တို့၏ အစွမ်းအားဖြင့် ရူပါရုံအစရှိသော အာရုံတို့၌ ယိုစီးတတ်သည်ဖြစ်၍ ဝါ– အလုံးစုံသော ဘဝတို့၌ ယိုစီးတတ်သည်ဖြစ်၍ ရေအယဉ်နှင့် တူသောကြောင့် တဏှာကို သောတဟု ဆိုပါသည်။ (သဝန္တိ သဗ္ဗဓိ သောတာဟူသော ဓမ္မပဒပါဠိ အာဂမယုတ္တိထောက်)

## ဂန္ထမည်ကြောင်း

သီလစသည်တို့ကို အနံ့ ဖြစ်သောကြောင့် ဂန္ထဟု ဆိုသည်မဟုတ်၊ ဝန်းကျင်အောက်ထက် အရပ်မျက်နှာတို့ကို ထင်ရှား ပျံ့နှံ့တတ်သောကြောင့် ဂန္ထဟု ဆိုပါသည်။

http://www.dhammadownload.com



## သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ကို သီလက္ခန္ဓ ဆိုရကြောင်း

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့သည် ပြကတေ့အားဖြင့် သီလသာလျှင် ဖြစ်ကြကုန်၍ ဝိရတီသီလအဖြစ်ဖြင့် ဇာတ်တူသောကြောင့် ၄င်းသုံးပါးတို့ကို သီလက္ခန္ဓ ဟု ဆိုပါသည်။

## သမ္မာဝါယာမ, သမ္မာသတိတို့ကို သမာဓိက္ခန္ဓဆိုရကြောင်း

သမ္မာသမာဓိသည် မိမိသဘောအားဖြင့် အာရုံ၌တည်ခြင်းငှာ မစွမ်းနိုင်၊ ပဂ္ဂဟကိစ္စရှိသော သမ္မာဝါယာမ, အပိလာပနကိစ္စရှိသော သမ္မာသတိတို့၏ အထောက်အပံ့ကို ရမှသာ အာရုံ၌ တည်ခြင်းငှာ စွမ်းနိုင်သောကြောင့် ၄င်းနှစ်ပါးတို့ကို သမာဓိ ဂန္ဓ၌ ထည့်သွင်း မိန့်ဆိုသည်။

## သမ္မာသင်္ကပ္ပကို ပညာက္ခန္ဓ၌ ထည့်သွင်း၍ ဆိုရကြောင်း

သမ္မာဒိဋ္ဌိသည် မိမိသဘောအားဖြင့် အာရုံကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်၊ အာရုံပေါ် သို့ သမ္မာသင်္ကပ္ပ ရှေးရှုတင်ပေးမှသာလျှင် စွမ်းနိုင်သောကြောင့် သမ္မာသင်္ကပ္ပကို ပညာက္ခန္ဓ၌ ထည့်သွင်း၍ မိန့် ဆိုပါသည်။

## အတ္ထရသ၌ အတ္ထသဒ္ဒါ၏ဟောနက်နှင့် အတ္ထရသ အရ

အတ္ထရသ၌ အတ္ထသဒ္ဒါ အကျိုး (ပယောဇန) အနက်ကို ဟောသောကြောင့် အတ္ထရသ အရ အကျိုးဖြစ်သော ဖိုလ်လေးခု စိတ္တုပ္ပါဒ်ကို ကောက်ယူရသည်။

## ဓမ္မရသ၌ ဓမ္မသဒ္ဒါ၏ဟောနက်နှင့် ဓမ္မရသအရ

ဓမ္မရသ၌ ဓမ္မသဒ္ဒါ အကြောင်း (ဟေတု) အနက်ကို ဟောသောကြောင့် ဓမ္မရသအရ အကြောင်းဖြစ်သော မဂ်လေးခု စိတ္တုပ္ပါဒ် ကို ကောက်ယူရပါသည်။

http://www.dhammadownload.com



## အတ္တစသည်ကို ရသဟု ဆိုရကြောင်း

စားအပ်သော အရသာဖြစ်သောကြောင့် ယင်းတို့ကို ရသဟု မဆိုလို၊ အရိယာ သူတော်ကောင်းတို့ သာယာနှစ်သက်အပ်သောကြောင့် အတ္ထစသည်ကို ရသဟု ဆိုပါသည်။

## ပဋိသန္ဓေခဏ၌ သဒ္ဒါယတနကို မရကြောင်း

သဒ္ဒေါစိတ္တောတုဇော ဟူသော သင်္ဂဟပါဠိနှင့် အညီ သဒ္ဒါယတနသည် စိတ် ဥတု ကြောင့်သာ ဖြစ်၏၊ ပဋိသန္ဓေစိတ်သည်လည်း ဒုဗ္ဗလဖြစ်သောကြောင့် ပဋိသန္ဓေစိတ်ကို မဖြစ်စေနိုင်၊ ထို့ကြောင့် ပဋိသန္ဓေခဏ၌ သဒ္ဒါယတနကို မရအပ်။

* ယင်းသို့ ဖြစ်လျှင် ပဝတ္တိဝါရဖြစ်၍ ဟောသင့်သည် ဟူအံ့–

ဤပဝတ္တိဝါရကို ပဝတ္တိကာလဖြင့် မပိုင်းခြား၊ ပဋိသန္ဓေ,စုတိတို့ဖြင့်သာ ပိုင်းခြားအပ်သောကြောင့် သဒ္ဒါယတနကို မဟောရခြင်း ဖြစ်သည်။

## အာယတနကို ဘုံအားဖြင့် ခွဲဝေပုံ

*ဆောင်။ ။ အရူပဘုံမှာ၊ မ, ဓမ် သာပင်၊ အသညိ ရူ, ဓမ်၊ ကြွင်း ရူပ်သိ၊ ဃာနာဒိပယ်၊ ကာမဝယ်၊ သဒ်ဖယ် အကုန်ရ။*

## ဝိကာလသုံးချက်တွင် ပထမဝိကာလ၌ သုဂတိအဟိတ်မကောက်

သုဂတိဘုံ၌ ကြီးသော အာနုဘော်ရှိသော ကံကြောင့်ဖြစ်ကုန်သော ဩပပါတိကတို့အား စက္ခု, သောတစသော ဣန္ဒြေချို့တဲ့ခြင်း မရှိသောကြောင့် သုဂတိ အဟိတ်ပုဂ္ဂိုလ်ကို မကောက်ရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေခဏ၌ စက္ခုစသော အာယတနကို မုချမဖြစ်ကောင်းပါ၊ အဋ္ဌကထာအလို သတ္တမ သတ္တာဟ, မူလဋီကာအလို ကောဒသမ သတ္တာဟ မှစ၍ စက္ခုစသော အာယတနတို့ အစဉ်အတိုင်း ဖြစ်ကြသည်။

ယင်းဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ရှေးဦးစွာ ပဋိသန္ဓေခဏ၌ ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, မန, ဓမ္မတို့ တစ်ပြိုင်နက် ဖြစ်ကြသည်၊ ၄င်းနောက် စက္ခု, ၄င်းနောက် သောတ, ၄င်းနောက် ဃာန, ၄င်းနောက် ဇိဝှါ ဤသို့ ရှေ့နောက် အစဉ်အတိုင်း ဖြစ်ကြသည်။*(အရကောက်)*

## ပညတ်ကိုမရ

သဒ္ဒါယတနဝါရ၌ အာယတနထိုက်သော ပရမတ္ထ သက်သက်ကိုသာ ဟောသောကြောင့် ယင်းဝါရ၌ ပညတ်ကို မရပါ။ ဝါ– ဟောတော်မမူပါ။

## ပဏ္ဏတ္တိဝါရပြီး၏။

# ပဝတ္တိဝါရ အစီပွါယ်

## ပဝတ္တိဝါရ သဒ္ဒါယတနကို မဟောကြောင်း

ဤပဝတ္တိဝါရ၌ သဒ္ဒါယတနကို ပဋိသန္ဓေအခါ မရကောင်းသောကြောင့် မဟောပါ။

( စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဥပါဒ်နိရောဓ်ဖြစ်သော ဝဋ်တရား၏ ဖြစ်ခြင်း ချုပ်ခြင်းကို ဟောရာဖြစ်သော ပဝတ္တိဝါရ၌ သဒ္ဒါယတနအတွက် ဝိသဇ္ဇနာ မရသော်လည်း ပုစ္ဆာမှ ရသည်ကို သင်္ဂြိုဟ်၍ စက္ခာယတနမူလကာနိ ကောဒသဟု မိန့်ဆိုပါသည်)

http://www.dhammadownload.com



## သ–သဒ္ဒါတ်ဟောနက်

သစက္ခုကြာနံ သသောတကာနံ၌ 'သ, သဒ္ဒါသည် သလောမကော, သပက္ခကော စသည်၌ကဲ့သို့ 'သံဝိဇ္ဇမာန'အနက်ကို ဟောသောကြောင့် ရထိုက်သော စက္ခု(သောတ) ရှိကုန်သော ဟုဆိုလိုသည်၊ စက္ခု (သောတ)နှင့်တကွ ဖြစ်ကုန်သော ဟူ၍ (သဟတ္ထ)မလို။

(အကြောင်းကား:) သဝိတက္ကာဝမ္မာ အစရှိသော ဓမ္မအချင်းချင်း၌သာ ကြိယာ သမဝါယ ရှိသည်၊ ဤ၌ကား ပုဂ္ဂိုလ်နှင့် ဓမ္မဖြစ်၍ ကြိယာ သမဝါယ မရှိကောင်းသောကြောင့်တည်း။

## ပဋိသန္ဓေကို ယောနိဟု ဆိုကြောင်း

သတ္တဝါတို့သည် တစ်ဦးနှင့်တစ်ဦး ရောနှောခြင်းမရှိသော်လည်း ဇာတ်အားဖြင့် တူသည် ဖြစ်၍ ရောနှောသကဲ့သို့ ဖြစ်သောကြောင့် ပဋိသန္ဓေကို ယောနိဟု ဆိုပါသည်။

## ယောနိအပြားနှင့် ယောနိနှင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်

"အန်, ဇ, သံ, ဩ လေးပါးနှော မှတ်လော ယောနိသာ"အရ အဏ္ဍဇယောနိ၊ ဇလာဗုဇ ယောနိ၊ သံသေဒဇယောနိ၊ ဩပပါတိကယောနိအားဖြင့် ၄–ပါးပြား၏။

ယင်းလေးပါးတို့တွင် ဘုမ္မစိုးမှတစ်ပါးသောနတ်၊ နိရ္ဘာမတဏှိက ပြိတ္တာ၊ ငရဲသတ္တဝါ၊ ၄င်းတို့အား ဩပပါတိက ယောနိသာတည်း။

ဘုမ္မစိုဝ်းနတ်, လူ, တိရစ္ဆာန်, နိဇ္ဈာမတဏှိက ပြိတ္တာမှ တစ်ပါးသော ပြိတ္တာ၊ ဤပုဂ္ဂိုလ်တို့ သည် ယောနိလေးပါးဖြင့် ပဋိသန္ဓေနေကုန်၏။

*ဆောင်။ ဘုမ္မာပယ်ချ ၊ကြွင်းဒေဝနှင့် ၊ နိဇ္ဈာမ ပေတော ၊ နိရယေ ၊ ဖြစ်ပေဩပပါ ။*
*နိဇ္ဈာကြဉ်ထ၊ ကြွင်းပေတနှင့် ၊ ဘုမ္မဒေဝါ၊ မနုဿာ တိရစ္ဆာန်၊ ဖြစ်ကြောင်းမှန်၊*
*လေးတန်ယောနိလာ ။*

http://www.dhammadownload.com



## သံသေဒဇနှင့်ဩပပါတိကအထူး

သံသေဒဇပုဂ္ဂိုလ်တို့သည် ရှေးဦးပထမ သေးငယ်စွာဖြစ်ရာမှ တဖြည်းဖြည်း ကြီးပွားကုန်၏၊ ဩပပါတိကပုဂ္ဂိုလ်တို့သည်ကား (၁၆) နှစ်အရွယ်မှစ၍ ဖြစ်ကုန်၏၊ ဤသို့ထူး၏။

–ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ စသည်၌ ဂဗ္ဘသေယျကိုကောက်ရာ ယင်းပုဂ္ဂိုလ်များမှာ ပဋိသန္ဓေအခါ စက္ခာယတနမရှိသော်လည်း ပစ္စုပ္ပန်သုံးပါးတို့တွင် ခဏပစ္စုပ္ပန်,သန္တတိပစ္စုပ္ပန်တို့ကို မယူဘဲ အဒ္ဓါပစ္စုပ္ပန်ကို ယူသောကြောင့် ကောက်ပါသည်။

–သစက္ခုကာနံ အသောတကာနံ ဟူသောစကားကို အပါယ်ဘုံ၌ ပဋိသန္ဓေအားဖြင့် နားပင်းသော ဩပပါတိကကို ရည်ရွယ်၍ဆိုသည်။

## ဩပပါတိကို မကောက်ရကြောင်း

ဃာနမူလီ အနုလောမသန္နိဋ္ဌာန်၌ ဩပပါတိကကို ကာမဘုံ၌ ဃာနချို့သော ဩပပါတိက ပုဂ္ဂိုလ်မရှိကောင်းသောကြောင့် မကောက်ပါ ။

## ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ

ရူပဗြဟ္မာတို့သည် ကာမဝိရာဂဘာဝနာ၏အစွမ်းဖြင့်ဂန္ဓ, ရသ, ဖေါဋ္ဌဗ္ဗတို့၌ တပ်ခြင်းကင်းသည့်အတွက် မှီရာ ပသာဒတို့၌လည်း တပ်ခြင်းကင်းသည်၊ ထို့ကြောင့် ဃာန, ဇိဝှါ, ကာယ ပသာဒ တို့ မရှိပါ၊

ဃာန–စသော ပသာဒမရှိလျှင် ဃာန–စသော ဝိညာဉ်တို့လည်း မဖြစ်ပါ။ အနံ့ကိုလည်း မသိနိုင်ပါ။ အသွင်သဏ္ဍာန် နှာခေါင်းကား ရှိပါသည်။

http://www.dhammadownload.com



## ဂန္ဓရှိသည်ဟု မဆိုနိုင်ကြောင်း

အဂန္ဓကာန်-၌ရူပပုဂ္ဂိုလ်တို့အား ဂန္ဓ မရှိမဟုတ်၊ ရှိ၏၊ သို့သော် ဃာနာယတန မရှိ၍ အာယတနကိစ္စမပြီးသောကြောင့် ဂန္ဓရှိသည် မဆိုနိုင်ပါ။

## ၁၁-ယမကသာ ထားရကြောင်း

* သဒိသဝိသဇ္ဇနာ တူသောအဖြေ ရှိသောကြောင့် တန္တိလဟုဖြစ်စိမ့်သောငှာ ချုံ၍ ၁၁-ယမကသာ ထားခြင်းဖြစ်သည်၊ ( စက္ခာယတနမူ၌ ၅-ယမက၊ ဃာနာယတနမူ၌ ၃-ယမက၊ ရူပမူ၌ ၂-ယမက၊ မနမူ၌ ၁-ယမကအားဖြင့် ၁၁-ယမကကိုသာ ထားသည်)

ယင်းသို့ဖြစ်လျှင် စက္ခုနှင့်သောတ၊ စက္ခုနှင့် ဃာန ဤနှစ်ယမကတို့သည် သဒိသဝိသဇ္ဇနာဖြစ်လျက် အဘယ့်ကြောင့် ထားပြန်သနည်း။

* စက္ခု သောတတို့၏ ဖြစ်ရာဌာန၌ စင်စစ် ဃာနာယတန မဖြစ်သောကြောင့် အဘယ်သို့ ဖြေအပ်သနည်းဟူသော ယုံမှားသကင်္ကာကို ပယ်ဖျောက်အံ့သောငှာ ဟောပြန်သည်။

အနာဂတ ပုဂ္ဂလဝါရ ကာမာဝစရ ဖြစ်ပြန်ကောင်းဝယ် အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်ကို အဘယ့်ကြောင့် မကောက်ပါသနည်း။

* အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေသည်၏ အစွမ်းအားဖြင့် ကာမဘုံ၌ နောက်တစ်ဖန် မဖြစ်ကောင်းသောကြောင့် ကာမာဝစရ ဖြစ်ပြန်ကောင်း ဆိုရိုးဝယ် ယင်းပုဂ္ဂိုလ်ကို မကောက်ရခြင်းဖြစ်သည်။

မှတ်ချက်။ ။ ကာမဘုံ၌ အနာဂါမိဖလဋ္ဌာန်မဖြစ်၍ မဟုတ်၊ ပဋိသန္ဓေနေသည်၏ အစွမ်းအားဖြင့်သာ မဖြစ်၊ ပဝတ္တိအခါ မဂ်စဉ်အားဖြင့်မူကား အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် ဖြစ်နိုင်သည်ဟု ကေန် မှတ်ယူရမည်။

အာယတနယမကဆိုင်ရာအဓိပ္ပါယ်ပြီး၏။

http://www.dhammadownload.com



# ဓာတုယမက
# ပဝတ္တိဝါရအစိပ္ပါယ်

## ဓာတုယမိုက်ကို ဟောရကြောင်း

မူလယမိုက်၌ ဟောတော်မူအပ်ကုန်သော ကုသိုလ်စသောတရားတို့ကို ဓာတ်၏အစွမ်းအားဖြင့် သိမ်းကျုံး၍ အာယတနယမိုက်၏အခြားမဲ့၌ နာမရူပသံမူဠ၊ ဝိတ္ထာရရုစိ၊ မုဒိန္ဒြိယ ပုဂ္ဂိုလ်တို့အလို့ငှာ ဓာတုယမိုက်ကိုဟောတော်မူပါသည်။

## ဓာတု

မိမိ၏ ကက္ခဠ ဖုသနစသော သဘောကို ဆောင်တတ်သောကြောင့် ဓာတုမည် ပါသည်။

## ဓာတ် ၁၈-ပါးသာ ဟောရကြောင်း

သုတ္တန်, အဘိဓမ္မာဝယ် အာရမ္ဘဓာတ်, သုတဓာတ် စသော များစွာသော ဓာတ်တို့ရှိပါသော်လည်း ပြဆိုအပ်သော ဓာတ် ၁၈-ပါးတို့တွင် အကျုံးဝင်သည့်အတွက် ၄င်းတို့ကို သီးခြားမဟောဘဲ ၁၈-ပါးသာ ဟောတော်မူပါသည်။

*သဘာဝတော ဝိဇ္ဇမာနာနံ သဗ္ဗဓာတူနံ အန္တောဂဓတ္တာ။*

## ဓာတုယမိုက်၌ မဟောသောဓာတ်နှင့် အကြောင်း

ဤဓာတုယမိုက် (ပဝတ္တိဝါရ) ၌ သဒ္ဒဓာတ်, (မနောဝိညာဏဓာတ်ကြဉ်သော) ဆဝိညာဏဓာတ်တို့ကို ပဋိသန္ဓေအခါ, စုတိအခါ၌ မရကောင်းသောကြောင့် မဟောပါ။

ဓာတုယမိုက်ဆိုင်ရာ အစိပ္ပါယ်ပြီး၏။

http://www.dhammadownload.com



# သစ္စယမက

## ဓာတုယမိုက်နောင် သစ္စယမိုက် ဟောရကြောင်း

မူလယမိုက်၌ ဟောတော်မူအပ်ကုန်သော ကုသိုလ်စသောတရားတို့ကို သစ္စာ၏ အစွမ်းအားဖြင့် ပေါင်းရုံး၍ ဓာတုယမိုက်၏အခြားမဲ့၌ ဟောတော်မူလိုသောကြောင့် ဓာတုယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ သစ္စယမိုက်ကို ဟောတော်မူသည်။

## သစ္စာ

မဖောက်မပြန် မှန်သောကြောင့် သစ္စာမည်သည်။

## သစ္စာ ၄–ပါးနှင့် ဒေသနာက္ကမ

သစ္စာ ၄–ပါးတို့တွင် ရုန့်ရင်းသောကြောင့်လည်းကောင်း, အလုံးစုံသောသတ္တဝါတို့နှင့် ဆက်ဆံသောကြောင့်လည်းကောင်း, သိလွယ်သောကြောင့်လည်းကောင်း ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူပါသည်။

ထိုဒုက္ခသစ္စာ၏အကြောင်းကို ပြလိုခြင်းအကျိုးငှာ ဒုက္ခသစ္စာ၏အခြားမဲ့၌ သမုဒယသစ္စာကို ဟောတော်မူပါသည်။

အကြောင်းသမုဒယချုပ်လျှင် အကျိုးဒုက္ခလည်းချုပ်တော့ဟု သိစေခြင်းငှာ သမုဒယအခြားမဲ့၌ နိရောဓသစ္စာကို ဟောတော်မူပါသည်။

ထိုနိရောဓ၏ အကြောင်းကို ပြလိုသောကြောင့် နိရောဓသစ္စာ၏ အခြားမဲ့၌ မဂ္ဂသစ္စာကို ဟောတော်မူပါသည်။

http://www.dhammadownload.com



## သစ္စာ ၄–ပါးသာ ဟောရကြောင်း

သစ္စာ ၄–ပါးမှတစ်ပါး အခြားသစ္စာ မရှိသောကြောင့်လည်းကောင်း, ၄–ပါးတို့တွင်လည်း နှုတ်ပယ်သင့်သောသစ္စာ မရှိသောကြောင့်လည်းကောင်း၊ သစ္စာကို အယုတ်အလွန် မဟောဘဲ ၄–ပါးသာ ဟောတော်မူပါသည်။

## ကာယိကဒုက္ခစေတသိကဒုက္ခကိုသာကောက်ရကြောင်း

ဒုက္ခသည် ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ, ပရိစ္ဆန္နဒုက္ခ, အပရိစ္ဆန္နဒုက္ခစသောအားဖြင့် ဒုက္ခပေါင်းမြောက်များစွာရှိသော်လည်း မုချအားဖြင့် ဒုက္ခသဘော ရှိသောကြောင့် ဒုက္ခဟူသော သန္နိဋ္ဌာန်ပုဒ်အရ ကာယိကဒုက္ခ စေတသိကဒုက္ခကိုသာ အရကောက်ရသည်။

## ဒုက္ခ ဒုက္ခ

ကာယိကဒုက္ခ ,စေတသိကဒုက္ခကို သဘောအားဖြင့်လည်းကောင်း၊ အမည်အားဖြင့် လည်းကောင်း ဒုက္ခ၏အဖြစ်ကြောင့် ဒုက္ခ ဒုက္ခ ဟုခေါ်ပါသည် ။

## သမုဒယကို အကြောင်းဟုခေါ် ကြောင်း

ဒုက္ခ၏အကြောင်းများစွာရှိသော်လည်း ပြဓာန်းသော,ထူးသောအကြောင်းဖြစ်သော ကြောင့် သမုဒယကိုသာ အကြောင်းဟုခေါ် သည်။

## အနိဋ္ဌိယဗဒ္ဓရုပ်ကို သစ္စာဝိမုတ်ထုတ်ရကြောင်း

အနိန္ဒြိယဗဒ္ဓရုပ်ကို ဒုက္ခဟု ဆိုသင့်သော်လည်း ကံကိလေသာတို့ကြောင့် မဖြစ်လေရကား ဒုက္ခသစ္စာဟု မဆိုထိုက်ပေ၊ ထို့ကြောင့် သစ္စာဝိမုတ်ထုတ်ရသည်။ (မာတိကာအရကောက်၌ ရုပ်ဟူသမျှကို ဒုက္ခသစ္စာဖွဲ့ခဲ့သည်)

http://www.dhammadownload.com



*အနိန္ဒြိယဗဒ္ဓရုပ်ဟူသည် –

တော, တောင်ရေမြေ သမုဒ္ဒရာအစရှိသော ဗဟိဒ္ဓသန္တာန်၌ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ် သဒ္ဒနဝကကလာပ် ဥတုဇကလာပ်နှစ်စည်းကို ဆိုလိုသည် ။

## ဗဟိဒ္ဓရုပ်ကို သစ္စာဝိမုတ်ထုတ်ရကြောင်း

ဗဟိဒ္ဓရုပ်ကို သမုဒယ, နိရောဓ, မဂ္ဂ သစ္စာတရားကိုယ် မဟုတ်သောကြောင့် မည်သည့်သစ္စာမျှ မဖွဲ့ထိုက်၊ ထို့ကြောင့် သစ္စာဝိမုတ်ထုတ်ရသည် ။

*သုဒ္ဓသစ္စဝါရ၌ သစ္စာထိုက်သောတရားကိုသာ ဟောသောကြောင့် မဂ္ဂသာမညဝယ် ဖိုလ်ရှိသော အင်္ဂါကမင်္ဂကို မကောက်ရ၊ ထို့ကြောင့် ပစ္စနိက်၌ ဖိုလ်စိတ္တုပ္ပါဒ် ၃၇– ခုကို ကောက်ပါ။

## နိရောဓသစ္စာ၏ဟောနက်နှင့် အရ

နိရောဓသဒ္ဒါသည် ချုပ်ခြင်းအနက်ကို ဟော၏၊ ထို့ကြောင့် နိရောဓအရ နိရောဓ သာမညကိုလည်းကောင်း , နိဗ္ဗာန်ကိုလည်းကောင်း ကောက်ရသည် ။

## မဂ္ဂသဒ္ဒါ၏ဟောနက်နှင့် အရ

မဂ္ဂသဒ္ဒါသည် ခြေကြောင်းခရီး , လှည်းကြောင်းခရီး အစရှိသော မဂ္ဂသာမည မဂ္ဂသစ္စာကို ဟော၏၊ ထို့ကြောင့် မဂ္ဂအရ– မဂ္ဂသာမည, မဂ္ဂသစ္စာကိုကောက်။

ပဏ္ဏတ္တိဝါရပြီး၏။

http://www.dhammadownload.com



# ပဝတ္တိဝါရ အစိပ္ပါယ်

## ပဝတ္တိဝါရ၌ ဟောသောပုဂ္ဂိုလ်

ဤပဝတ္တိဝါရ၌ ပုထုဇဉ် ပုဂ္ဂိုလ် ၄– ယောက် ၊ အရိယာပုဂ္ဂိုလ် ၈– ယောက်အားဖြင့် ၁၂– ယောက်သောပုဂ္ဂိုလ်တို့ကို ဟောပါသည်။

## ကာလပိုင်းခြားပုံ

ဤပဝတ္တိဝါရ၌ ကာလကို စုတိပဋိသန္ဓေ၏အစွမ်းအားဖြင့် လည်းကောင်း, ပဝတ္တိ စိတ္တက္ခဏအားဖြင့် လည်းကောင်း ပိုင်းခြားပါသည် ။

*သမုဒယ , မဂ္ဂသစ္စာနှစ်ပါးတို့ကို စုတိပဋိသန္ဓေနှစ်ခုတို့၏ အကြားဟုဆိုအပ်သော ပဝတ္တိအခါ၌သာ ရအပ်၏၊ စုတိပဋိသန္ဓေအခါတို့၌ မရအပ်။

ဒုက္ခသစ္စာကိုကား ပဝတ္တိအခါ၌လည်းကောင်း၊ စုတိပဋိသန္ဓေအခါ၌လည်းကောင်း ရအပ်၏။

## နိရောဓသစ္စာကို မဟောကြောင်း

နိရောဓသစ္စာဖြစ်သောနိဗ္ဗာန်တရားသည် ဥပ္ပါဒ်, ဌီ , ဘင်ဟုဆိုအပ်သော ခဏတ္တယ မရှိရကား ဥပ္ပဇ္ဇတိ ဟူ၍လည်းကောင်း၊ နိရုဇ္ဈတိဟူ၍လည်းကောင်း ဟောခြင်းငှါမသင့်သော ကြောင့် မဟော။

## စိတ်မှနေ၍ ဘုံကိုမှတ်ပုံ

အရူပဝိပါက် ၄– ခုကြဉ်သော စိတ် ၈၅– ခုတို့သည် ပဉ္စဝေါကာရဘုံ၌ ဖြစ်ကုန်၏၊ လောဘမူ, မောဟမူ, မနောဒွါရဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပ– ၁၂၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇–ခုအားဖြင့် ၄၆– ပါးကုန်သော စိတ်တို့သည် စတုဝေါကာရဘုံ၌ ဖြစ်ကုန်၏ ။

http://www.dhammadownload.com



## တဏှာသမ္ပယုတ္တ စသည်ရွေးချယ်ပုံ

ပဉ္စဝေါကာရဘုံ၌ ဖြစ်သောစိတ် ၈၅– ခုတို့တွင် လောဘမူစိတ် ၈– ခုကို တဏှာသမ္ပယုတ္တစိတ်ဟု ခေါ်ပါသည်၊ ကြွင်းစိတ် ၇၇– ခုသည် တဏှာဝိပ္ပယုတ္တစိတ်။

စတုဝေါကာရဘုံ၌ဖြစ်သောစိတ် ၄၆– ခုတို့တွင် လောဘမူစိတ် ၈– ခုသည် တဏှာသမ္ပယုတ္တစိတ်၊ ကြွင်း စိတ် ၃၈– ခုသည် တဏှာဝိပ္ပယုတ္တစိတ်။

ပဉ္စဝေါကာရဘုံ၌ မဂ်စိတ် ၄– ခုသည် မဂ္ဂသမ္ပယုတ္တစိတ်၊ ကြွင်း စိတ် ၈၁– ခုသည် မဂ္ဂဝိပ္ပယုတ္တစိတ်။

(တဏှာသမ္ပယုတ္တ , မဂ္ဂသမ္ပယုတ္တစိတ်ကား ထင်ရှားမရှိ ) ပဉ္စဝေါကာရဘုံ၌ ဖြစ်သော စိတ် ၈၅– ခုတို့တွင် လောဘမူစိတ် ၈– ခု ၊ မဂ်စိတ် ၄– ခု ကြဉ်စိတ် ၇၃– ခုသည် တဏှာဝိပ္ပယုတ္တ , မဂ္ဂဝိပ္ပယုတ္တစိတ် မည်၏။

စတုဝေါကာရဘုံ၌ဖြစ်သောစိတ် ၄၆– ခုတို့တွင် လောဘမူစိတ် ၈– ခု ၊ အထက်မဂ် ၃– ခု ကြဉ်အပ်သော စိတ် ၃၅– ခုသည် တဏှာဝိပ္ပယုတ္တ, မဂ္ဂဝိပ္ပယုတ္တစိတ် မည်၏။

* မဂ်စိတ်သည် ဒုက္ခသစ္စာဖြစ်ဆဲမဟုတ်ဘဲလျက် "ပဉ္စဝေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ, မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇတိ " ဟု အဘယ့်ကြောင့် ဟောသနည်း ။

* ပဉ္စဝေါကာရဘုံ၌ မဂ်ဖိုလ်ပင် ဒုက္ခသစ္စာဖြစ်ဆဲမဟုတ်သော်လည်း မိမိတို့၏ ဥပ္ပါဒက္ခဏ၌ စိတ္တဇရုပ်ကို ဖြစ်စေသောကြောင့် ( ဝါ– မဂ်ဖိုလ်ပြုအပ်သော စိတ္တဇရုပ်သည် ဒုက္ခသစ္စာဖြစ်သောကြောင့် ) ထိုသို့ ဟောတော်မူပါသည်။

## ဒုက္ခသစ္စာဖြစ်ဆဲမရ

အရူပမဂ်, ဖိုလ် စိတ်တို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်သောကြောင့် အရူပမဂ္ဂဖလုပ္ပါဒသမင်္ဂီပုဂ္ဂိုလ်တို့သည် ဒုက္ခသစ္စာ ဖြစ်ဆဲ မရကြပါ။

http://www.dhammadownload.com



## ပစ္ဆိမစိတ်ဟူသည်

(ရဟန္တာတို့၏ စုတိစိတ်ကို ) ဘုံသုံးပါး၌ နောက်ဆုံးစိတ် ဖြစ်သောကြောင့် ပစ္ဆိမစိတ် ဟုခေါ်ပါသည်။

## မုချဒုတိယစိတ်

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင်စိတ်ကို (ပဋိသန္ဓေမှထောက်၍ နှစ်ခု မြောက်သောစိတ်ဖြစ်သောကြောင့် ) "မုချဒုတိယစိတ် " ဟုခေါ်ပါသည် ။

## တံသဒိသ ဒုတိယစိတ်

ဒုတိယဘဝင်မှစ၍ ဘဝနိကန္တိက ပထမဇောတိုင်အောင်သော ၁၇– ခုသော စိတ်တို့ကို (မုချ ဒုတိယစိတ်နှင့် အတိတ်၌ သမုဒယသစ္စာဖြစ်ဖူး မရပုံချင်း တူသောကြောင့်) တံသ ဒိသ ဒုတိယစိတ်ဟု ခေါ်ပါသည် ။

ပဝတ္တိဝါရပြီး၏

http://www.dhammadownload.com



# ပရိညာဝါရ အစိပ္ပါယ်

## ပရိညာဝါရ၌ မဟောသောသစ္စာနှင့် အကြောင်း

ဤသစ္စပရိညာဝါရ၌ နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကို လောကုတ္တရာတရားတို့၌ ပရိညာကိစ္စမရှိသောကြောင့် မဟောပါ။

## ပရိညာသုံးပါးနှင့် သစ္စာ

ပရိညာသည်...

ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ ဟု ၃–ပါး အပြားရှိ၏ ။

ထိုသုံးပါးတို့တွင်...

ဒုက္ခသစ္စံ ပရိဇာနာတိ– ဝယ် ဉာတပရိညာ တီရဏပရိညာ နှစ်ပါးကို ရပါသည်။ သမုဒယသစ္စံ ပဇဟတိ ဝယ် ဉာတပရိညာ , ပဟာနပရိညာ နှစ်ပါးကို ရပါသည်။

_ ဒုက္ခသစ္စာ၌ ပဟာနပရိညာ၊ သမုဒယသစ္စာ၌ တီရဏပရိညာကို အဘယ့်ကြောင့် မရပါသနည်း။

* မြတ်သောအကျင့်ကို ကျင့်သောသူသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းငှါ သမုဒယသစ္စာကို ပယ်ခြင်းငှါ ကျင့်သည်၊ သို့ဖြစ်၍ ဒုက္ခသစ္စာ၌ ပဟာနကိစ္စမရှိ၊ သမုဒယ သစ္စာ၌ တီရဏကိစ္စ မရှိ၊ ထို့ကြောင့် မရပါ။

**သစ္စယမက အစိပ္ပါယ်ပြီး၏**

**ယမကဆိုင်ရာ မှတ်သားဖွယ်ရာ အစိပ္ပါယ်များပြီး၏**

**ယမကလက်ဆောင်ကျမ်းပြီးပါပြီ**

http://www.dhammadownload.com



## နိဂမပတ္ထနာ

*သဒ္ဓိတံ မေ မဟာပုညံ၊ ယမကတ္ထသရူပကံ ။*
*လဒ္ဓါယ သီလက္ခန္ဓဿ၊ ယတီနော ဥပထမ္ဘကံ ။*

မေ–တိလောကဟု နာမသမုတ် အကျွန်ုပ်သည် ၊ ယမကတ္ထသရူပကံ – အဘိဓမ္မာပိဋကာဟု သညာဝေဠျမ်း ခုနစ်ကျမ်းတွင် ခြောက်ခုမြောက်ယမိုက်ကျမ်း၏ အနက်အဓိပ္ပါယ်သရုပ်တရားကိုယ်တို့ကို စနစ်တကျ ညွှန်ပြသော ယမိုက်လက်ဆောင်ကျမ်းတည်းဟူသော၊ မဟာပုညံ– တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်မြတ်ကို၊ သီလက္ခန္ဓဿ–သီလက္ခန်မည်သော၊ ယတီနော – ရဟန်းငယ်၏၊ ဥပထမ္ဘကံ– ကူညီထောက်ပံ့မှုကို၊ လဒ္ဓါယ–ရယူ၍၊ သဒ္ဓိတံ–ကောင်းစွာ အထူးဆည်းပူးအပ်ပေပြီ။

*အတ္ထာဝဟံ ခိပ္ပံ ဟောတု၊ ပါဘတံ မေ သုဗောဓိဒံ ။*
*ပရတ္ထသမ္ပာဒကောဟံ၊ ဘဝေယျံ ဇာတိ ဇာတိယံ ။*

မေ– တိလောကဟုနာမသမုတ် အကျွန်ုပ်သည်၊ သုဗောဓံ –ကောင်းစွာထင်ထင်သိမြင်လွယ်သော၊ ဣဒံပါဘတံ–လက်ဆောင်အလား ညွှန်ဖယားနှင့် တကွသော ဤကျမ်းစာသည်၊ ခိပ္ပံ–လျင်မြန်စွာ၊ အတ္ထာဝဟံ– အဘိဓမ္မာပညာလိုလား အမျိုးသားတို့၏ အကျိုးစီးပွားကို ရွက်ဆောင်နိုင်သည်၊ ဟောတု– မုချမသွေ ဖြစ်ပါစေသတည်း၊ အဟံစ– တိလောကဟု နာမသမုတ်အကျွန်ုပ်သည်လည်း၊ ဇာတိ ဇာတိယံ– ဘဝတိုင်း ဘဝတိုင်း၌၊ ပရတ္ထသမ္ပာဒကော – သူတစ်ပါးတို့၏ အကျိုးစီးပွားကို ပြီးစေနိုင်သည်၊ ဘဝေယျံ– ဖြစ်ရပါလို၏။

http://www.dhammadownload.com

http://www.dhammadownload.com